## သက်တမ်းကုန်ဆုံးတော့မည့် လက်ရှိအစိုးရသည် တိုးတက်ဖြစ်ထွန်းမှုရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ကုလသမဂ္ဂ၏သုံးသပ်မှုတွင် တွေ့ရ

*မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့၊ ညီမျှခြင်းမြန်မာ၊ Free Thinkers၊ ကရင်လူ့အခွင့်အရေးအဖွဲ့၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ ပလောင်အမျိုးသမီးအဖွဲ့အစည်း၊ ပြည်ကြီးခင်၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားမှုဆောင်ရွက်ရေးအသင်း၊ စမိုင်းပညာရေးနှင့်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ United Against Child Trafficking*

*၂၃ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်*

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ပြုလုပ်ခဲ့သော ဒုတိယအကြိမ် *အပြည်ပြည်ဆိုင်ရာ နိုင်ငံအလိုက် လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ် ဆွေးနွေးပွဲ (UPR)* တွင် သက်တမ်းကုန်ခါနီး မြန်မာအစိုးရ၏ တုန့်ပြန်မှုများက တိုးတက်မှုများဆိတ်သုန်းနေသည်ကို ဖော်ပြနေပြီး၊ အဓိကကျသော လူ့အခွင့်အရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေကြောင်း ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သော *မြန်မာ UPR ဖိုရမ်* ကိုယ်စားလှယ်များက ယနေ့ ပြောကြားလိုက်သည်။

UPR စုံညီစည်းဝေးပွဲကို ၂၀၁၆ ခုနှစ်၊ မတ်လ၊ ၁၇ ရက်၌ (၃၁) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ အစည်းအဝေးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအစိုးရအပေါ် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသည့်နိုင်ငံများက ပေးသည့်အကြံပြုချက်များကို အတည်ပြုချက်များ ရယူသည့် ဂျနီဗာမြို့တွင် ပြုလုပ်ခဲ့သော ၎င်းအစည်းအဝေးသို့ မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းပေါင်း ၁၀ ဖွဲ့ကျော် တက်ရောက်ခဲ့သည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်မယ့် အစိုးရသစ်အနေနဲ့ မြန်မာအစိုးရက သဘောတူထားပြီးဖြစ်တဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ပြည့်စုံမှုရှိပြီး၊ တိုင်းတာနိုင်တဲ့ အချိန်အတိကျ သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်တွေကို ချမှတ်ခြင်းအားဖြင့် လမ်းကြောင်းသစ် ချမှတ်လိုက်ဖို့ လိုအပ်ပါတယ်။ တစ်ချိန်ထဲမှာ လက်ရှိသက်တမ်းကုန်ခါနီး အစိုးရက လက်မခံခဲ့တဲ့ အရေးကြီးတဲ့ အကြံပြုချက်တွေကိုလဲ ပြန်ပြီးသုံးသပ်ဖို့အတွက် စဉ်းစားသင့်ပါတယ်။" ဟု ညီမျှခြင်းမြန်မာမှ ဦးအောင်မျိုးမင်းက ပြောသည်။ မြန်မာအစိုးရသည် လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသည့်နိုင်ငံများမှ ပေးသော အကြံပြုချက်ပေါင်း ၂၈၁ ခုထဲမှ ၁၆၆ ခုကို လက်ခံခဲ့သော်လည်း ပထမအကြိမ် UPR အစည်းအဝေးတွင် ၎င်းတို့ လက်ခံကတိပြုခဲ့သော လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အလားတူအကြံပြုချက်များကို ယနေ့အချိန်အထိ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိပေ။ ထို့ပြင် လက်ခံခဲ့သော အကြံပြုချက် ၁၆၆ ခုတွင် ၁၃၅ ခုကိုသာ အပြည့်အဝ လက်ခံခဲ့ခြင်းဖြစ်သည်။

လွတ်လပ်စွာ စုဝေးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်ကို အာမခံပေးမည်ဟု ကတိပြုခဲ့သော်လည်း အစိုးရသည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် သက်ဆိုင်သော အကြံပြုချက် ၇ ခုကို

လက်ခံရန် ငြင်းဆန်ခဲ့သည်။ လက်ရှိအချိန်အထိ နိုင်ငံရေးအကျဉ်းသားပေါင်း ၉၅ ယောက်ရှိပြီး တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ၄၁၈ ဦးမှာ တရားရင်ဆိုင်နေရသည်။

"စစ်မှန်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်တဲ့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေကို ကာကွယ်မှုတွေပေးမယ်၊ အရပ်ဘက်လူထု အဖွဲ့အစည်းတွေကို လွတ်လပ်၊ လုံခြုံမှုရှိတဲ့ ပတ်ဝန်းကျင် ဖော်ဆောင်ပေးမယ်လို့ အစိုးရအနေနဲ့ ကတိကဝတ်ပြုခဲ့ပေမယ့် သမ္မတ ဦးသိန်းစိန်အနေနဲ့ ကျောင်းသားတွေနဲ့ သူတို့ကို ဝန်းရံခဲ့သူတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို သူ့သက်တမ်းကုန်တဲ့အချိန်အထိ လွတ်ပေးမယ့် အရိပ်အယောင်တောင် မတွေ့ရပါဘူး" ဟု ပြည်ကြီးခင် အဖွဲ့မှ နွယ်ဇင်ဝင်းက ပြောသည်။ ဆက်လက်ပြီး ၎င်းက "လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ဆန္ဒပြခဲ့တဲ့ ကိစ္စတွေကြောင့် အမှုသစ်တပ် တရားစွဲဆိုခံနေရပြီး လူ့အခွင့်အရေးလုပ်နေတဲ့ လွတ်လပ်တဲ့ အရပ်ဘက်လူထုအဖွဲ့အစည်း တွေဟာ အာဏာပိုင်တွေရဲ့ ချိန်းခြောက်မှုတွေနဲ့ ဆက်ပြီးရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်" ဟု ပြောသည်။

သက်တမ်းကုန်ခါနီးအစိုးရအနေဖြင့် လူ့အခွင့်အရေးကာကွယ်သူတွေကို ခြိမ်းခြောက်ရာမှာ အသုံးပြုနေတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ (၁၈)၊ သတင်းမီဒီယာဥပဒေ၊ ၂၀၁၄ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ စသည့်ဥပဒေများအား ပြင်ဆင်ရေး အကြံပြုချက်များကို ထောက်ခံခဲ့ခြင်းမရှိပဲ ပြောင်းလဲရန် အရိပ်အယောင်ပင် မပြခဲ့ပေ။

"အပစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်နေမှုဟာ အောက်ခြေအထိ စနစ်တကျအမြစ်တွယ်နေပြီး အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခတွေဖြစ်နေပွားနေတဲ့ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပေါ်နေပါတယ်။ ဒီဒေသတွေမှာ စစ်တပ်ဖြန့်ကျက်မှုတွေ၊ ညှင်းပန်းနှိပ်စက်မှုတွေ၊ အဓမ္မခိုင်းစေမှုတွေ၊ မုဒိန်းမှုတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ စတဲ့ ဆိုးဝါးတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို မြန်မာစစ်တပ်က အပစ်ပေးအရေးယူ ခံရခြင်း လုံးဝမရှိပဲ ကျူးလွန်နေကြပါတယ်" ဟု ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ဂျက်စီကာ အန်ခွမ်းက ပြောသည်။ ကချင်ပြည်နယ် တစ်ကျော့ပြန် စစ်ပွဲများကြောင့် ဒေသခံပြည်သူပေါင်း ၁၂၀၀၀၀ ကျော် ထွက်ပြေးခဲ့ရသည်။ သို့သော် မြန်မာအစိုးရမှ တိုက်ပွဲဖြစ်ပွားနေသော နေရာများသို့ လူသားချင်းစာနာသည့် အကူအညီများကို ဆက်လက်ပိတ်ပင်နေခဲ့သောကြောင့် လိုအပ်သောနေရာများသို့ ပြည်သူများထံသို့ အကူအညီများ မရောက်ရှိခဲ့ကြပေ။ တစ်ချိန်ထဲတွင် ထိုင်း-မြန်မာနယ်စစ်တစ်လျောက် ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်ပေါင်း ၁၁၀၀၀၀ ကျော်သည် လုံလောက်သော အကူအညီများ မရရှိကြပေ။

ဂျက်စီကာ အန်ခွမ်းမှ ဆက်လက်၍ "အစိုးရသစ်ဟာ အများပါဝင်ပြီး အဓိပ္ပါယ်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရမှာဖြစ်ပြီး အမျိုးသမီးတွေ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားတဲ့ နေရာတွေကသူတွေကို ပိုမိုပါဝင်လာအောင် ဆောက်ရွက်ပေးရပါမယ်" အစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အပစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်အား တိုက်ဖျက်ရေး အကြံပြုချက် ၅ ခုကို လက်ခံခဲ့သော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေသော တပ်မတော်နှင့် အစိုးရအာဏာပိုင်များ အပစ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းကို အဆုံးသတ်ရေး အကြံပြုချက်များကိုမူ ငြင်းပယ်ခဲ့သည်။

မကြာခဏ မြန်မာစစ်တပ်၏ အကူအညီဖြင့် ကျူးလွန်နေသော မြေယာသိမ်းဆည်းမှုများနှင့် ဒေသခံများအား နေအိမ်များမှ အတင်းအကြပ် ဖယ်ရှားခြင်းများသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော်လည်း အစိုးရသည် မြေယာသိမ်းဆည်းမှုများ ကျယ်ပြန့်စွာဖြစ်ပေါ်ရာတွင် အထောက်အကူပြုစေသော ဥပဒေကို ဖျက်သိမ်းရန် တင်ပြသော အကြံပြုချက်ကို ပယ်ချခဲ့ခြင်းမှာ အလွန်ဆိုးရွားလွန်းလှသည်။

အစိုးရသည် ဘာသာရေးလူနည်းစုများကို ကာကွယ်မှုပေးရန်နှင့် အမုန်းစကားတိုက်ဖျက်ရန် အကြံပြုချက်များစွာကိုလည်း ငြင်းပယ်ခဲ့သည်။ ဘာသာရေးလူနည်းစုများ အထူးသဖြင့် အစ္စလန်ဘာသာဝင်များအပေါ် ခွဲခြားထားသော မူဝါဒများနှင့် လုပ်ဆောင်ချက်များရှိနေသည့်အကြောင်းကို သက်တမ်းကုန်ဆုံးခါနီး နောက်ဆုံးနေ့များထိတိုင် ဆက်လက်ငြင်းဆန်ခဲ့ပြီး မကြာသေးခင်က ပြဋ္ဌာန်းခဲ့သော အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးဥပဒေများ ပယ်ဖျက်ရေး အကြံပြုချက် ၁၀ ခုကို ငြင်းဆိုခဲ့သည်။

"အစိုးရဟာ ပထမအကြိမ် UPR လုပ်ငန်းစဉ်မှာတုန်းက *ညှင်းပန်းနှိပ်စက်မှုနှင့်အခြားရက်စက်လူမဆန်သည့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံမှုများ ဆန့်ကျင်ရေးသဘောတူစာချုပ်* ခေါ် Convention Against Torture and Other Cruel, Inhuman or Degrading Treatment အပါအဝင် အဓိကကျတဲ့ လူ့အခွင့်အရေးစာချုပ်တွေကို အတည်ပြုလက်မှတ်ထိုးပြီး အပြည့်အဝအကောင်အထည် ဖော်ပါမယ်လို့ သဘောတူခဲ့ပါတယ်။ ဒါပေမယ့် ဒီနေ့အထိ အတည်ပြုလက်မှတ် မထိုးသေးပါဘူး။ ဒါကြောင့် ခုဒီတစ်ကြိမ် သုံးသပ်မှုတွေ ပြန်လုပ်တဲ့အခါ အစိုးရဟာ ပထမအကြိမ် UPR အစည်းအဝေးမှာတုန်းက သဘောတူထားတဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ခဲ့ခြင်း မရှိတာ တွေ့ရပြီး ဒါကြောင့် ယေဘူယျအားဖြင့် လူ့အခွင့်အရေး အခြေအနေတွေဟာ ပိုမိုဆိုးရွားလာခဲ့ပါတယ်။ အစိုးရအနေနဲ့ တိုင်းပြည်အတွင်းမှာ လူ့အခွင့်အရေးအခြေအနေတွေကို တိုးတက်အောင် လုပ်ဖို့ဆိုရင် ခုလို အခြေခံကျတဲ့ စာချုပ်တွေကို အတည်ပြုလက်မှတ်ထိုးပြီး အကောင်အထည်ဖော်ဖို့လိုပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း အစိုးရနဲ့ ထိတွေ့လုပ်ဆောင်တဲ့အခါ ပွင့်လင်းမြင်သာမှုရှိရမှာ ဖြစ်ပြီး တာဝန်ယူမှုတာဝန်ခံမှုလဲလည်း ရှိရပါမယ်။ အထူးသဖြင့် နိုင်ငံတကာ အစိုးရတွေဟာ ဒုတိယအကြိမ် UPR မှာ မြန်မာအစိုးရကို သူတို့ပေးခဲ့တဲ့ အကြံပြုချက်တွေကို မြန်မာအစိုးရအနေနဲ့ အမှန်တကယ် အကောင်အထည်ဖော်ခြင်းရှိအောင် ဆောင်ရွက်ဖို့လိုပါတယ်" ဟု မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ အဖွဲ့မှ ခင်ဥမ္မာကပြောသည်။

***ဆက်သွယ်ရန်***

*ဦးအောင်မျိုးမင်း၊ ညီမျှခြင်းမြန်မာ +၉၅ (၀)၉၄၄၈၀၁၅၃၀၆*

*နွယ်ဇင်ဝင်း - ပြည်ကြီးခင် +၉၅(၀) ၉၅၀၃၁၂၄၆*

*ဂျက်စီကာ အန်ခွမ်း - ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) +၆၆(၀) ၈၉၉၅၄၇၀၇၄*

*ခင်ဥမ္မာ - မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ +၆၆(၀) ၈၁၈၈၄၀၇၇၂*